# ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၉။]
(၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး အဖွဲ့အက်ဥပဒေ၏ ပုဒ်မ ၂၆ အစား၊ အောက်ပါကို ပုဒ်မ ၂၆ အဖြစ်ထည့်သွင်းရမည်။

"၂၆။ ။ (၁) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတကဆင့်ဆိုသည့်ကာလအပိုင်းအခြားများ အတွက် အဖွဲ့၏ငွေစာရင်းရှင်းတမ်းများကို၊ နိုင်ငံတော်သမ္မတထံပေးပို့ရ မည်။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သောငွေ စာရင်းများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံနည်းစနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။

(၃) အဖွဲ့၏ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကနှစ်စဉ် စစ်ဆေးပြီး နောက် စာရင်းစစ်ချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရ မည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏သဘောတူညီ ချက်ကို ကြိုတင်ရယူပြီးနောက် ခန့်ထားသောမှတ်ပုံတင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ငွေစာရင်း များကို ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တစ်ပြိုင်နက် အဖွဲ့သည် နိုင်ငံတော်သမ္မတထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစ်စောင်ကို

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်၊ စာမျက်နှာ - ၃၂၆၇။*

စာရင်းစစ်ချက် အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွတင်ပြရမည်။ ထို့ပြင်ထိုရှင်းတမ်းနှင့် အစီရင်ခံစာအသီးသီး၏မိတ္တူတစ်စောင်စီကို အဖွဲ့၏ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့် ကိစ္စကိုမဆို နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြား အမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏ လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထား ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင်မရှိ သည့်အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်းမပြုရ"။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်။
(၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။)

အမိန့်အရ

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။